# PEOPLE DEFENCE FORCE MANDALAY

**(MDY-PDF)**

## ၂၂/၆/၂၀၂၃ မန္တလေးတွင် ဖြစ်ပွားခဲ့သော တိုက်ပွဲနှင့် ပတ်သတ်၍ ရှင်းလင်းတင်ပြချက်

ကြေငြာချက်အမှတ် ။ ။၂/၂၀၂၃

ကျွန်တော်တို့ MDY-PDF နှင့် အကြမ်းဖက်စစ်ကောင်စီ အုပ်စုသည် ၂၂ / ၆ / ၂၀၂၃ တွင် ထိတွေ့တိုက်ခိုက်ခဲ့ပါသည်။ ကျွန်တော်တို့၏ မဟာမိတ်အဖွဲ့အစည်းဖြစ်သော KDDF မှ ရဲဘော် (၂) ဦး နှင့် ကျွန်တော်တို့ MDY-PDF မှ ရဲဘော် (၂) ဦး ကျဆုံးခဲ့ရပြီး (၆) ဦး အဖမ်းခံခဲ့ရသည်။

ကျွန်တော်တို့အဖွဲ့မှ အတွင်းအပြင် ပြန်ညှပ် တိုက်ခိုက်ခဲ့သော်လည်း -

၁။ လက်နက်အင်အား မမျှခြင်း

၂။ အကြမ်းဖက်စစ်အုပ်စုမှ လက်နက်ကြီးများသုံး၍ ပစ်ခတ်ခြင်း

၃။ ပြည်သူအများ ထိခိုက်နိုင်ခြင်း တို့ကြောင့်၊ Apex ဘော်ဒါအတွင်းရှိ MDY-PDF ရဲဘော်များမှ လက်နက်ချ အညံ့ခံခဲ့ပါသည်။ ထိပ်တိုက်မှု ဖြစ်စဉ်အတွင်း သတင်းအချက်အလက်ဆက်သွယ်ရရှိမှု၊ MDY-PDF တပ်ကူများ၏ မျက်မြင်တွေ့ရှိမှုနှင့် online သတင်းဓာတ်ပုံများတချို့ပေါ်မှ သုံးသပ်ချက်များအရ ကျွန်တော်တို့၏ ရဲဘော်အချို့မှာ လက်နက်ချပြီးနောက်ပိုင်းတွင် ဦးခေါင်းသို့ အနီးကပ်ပစ်သတ်ခံရခြင်းဖြစ်ပါသည်။ အကြမ်းဖက် စစ်အုပ်စုမှ ဖမ်းဆီး ရမိသည့် သူများနှင့် ပတ်သက်၍ သတင်းဆက်လက်ထုတ်ပြန်မှု မရှိခြင်းကြောင့် ကျွန်တော်တို့ ရဲဘော်များအားလုံး သူရဲကောင်းအာဇာနည်အဖြစ် ကျဆုံးသွားပြီဟု မှတ်ယူထားပါသည်။

၄။ ပါကျဲဦးကားပေါ်တွင် ကျဆုံးခဲ့သော ပြည်သူများမှာ ကျွန်တော်တို့ အဖွဲ့နှင့် လုံး၀ (လုံး၀) ပတ်သက်ခြင်းမရှိပါ၊ အကြမ်းဖက် စစ်အုပ်စုမှ လမ်းသွားလမ်းလာ ပြည်သူများအား အကြမ်းဖက်ဖမ်းဆီးရင်း အသတ်ခံရခြင်း ဖြစ်ပါသည်။

၅။ အကြမ်းဖက် စစ်အုပ်စုဘက်မှလည်း ဒုဗိုလ်မှူးကြီး အဆင့်အပါအဝင် (၉) ဦးခန့် သေဆုံးခဲ့ပါသည်။ ထိပ်တိုက် ထိတွေ့မှု နောက်ပိုင်းတွင် ကျွန်တော်တို့ MDY-PDF အဖွဲ့မှ အခြားစခန်းခွဲများအား စွန့်လွှတ်လိုက်ရ သည်များရှိသလို၊ မဟာမိတ်အဖွဲ့မှ ရဲဘော်တချို့လည်း ဖမ်းဆီး အရေးယူခံရခြင်းများ ဖြစ်ပေါ် ခဲ့ပါသည်။

ဒီမိုကရေစီ အရေးတော်ပုံ အဆက်ဆက်တွင် ကျရှုံးသွားခဲ့ရသော သူရဲကောင်း ရဲဘော်ရဲဘက်များ ခင်ဗျား၊ ကျွန်တော်တို့ MDY-PDF သည် ရဲဘော်တို့၏ အရေးတော်ပုံတွင် ထားရှိသော သစ္စာအဓိဋ္ဌာန်အပေါ်တွင် မည်သည့်အခါမှ သွေဖည် သွားမည်မဟုတ်ဘဲ ပြည်သူနှင့်အတူ ရဲဘော်တို့၏ ရည်မှန်းချက်အောင်မြင်သည်အထိ ဆက်လက်တိုက်ပွဲဝင်မည်ဟု ကတိသစ္စာပြုပါသည်။

ဗိုလ်ထွန်းတောက်နိုင်
သတင်းပြန်ကြားရေးတာဝန်ခံ
MDY-PDF